# ဓာတ်သတ္တုအကြီးစား /အသေးစား ထုတ်လုပ်ရန် ခွင့်ပြုမိန့်အတွက် လျှောက်လွှာ

သို့

------------------------------------

ဝန်ကြီးဌာန/ဦးစီးဌာန

ဓာတ်သတ္တု အကြီးစား/အသေးစား ထုတ်လုပ်ရန် ခွင့်ပြုမိန့် ရယူလိုပါသဖြင့် မြန်မာ့သတ္တုတွင်း ဥပဒေအရ အောက်ပါအချက်အလက်များ ဖော်ပြလျက် လျှောက်ထားအပ်ပါသည် -

## အပိုင်း(၁)

၁။ ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် လျှောက်ထားပါက ဖြည့်စွက်ရန်

(က) အမည် --------------------------------

( ခ ) အမျိုးသားမှတ်ပုံတင်မှတ်/နိုင်ငံသားစိစစ်ရေး --------------------------------
ကတ်ပြားအမှတ်/နိုင်ငံကူးလက်မှတ်အမှတ် --------------------------------

( ဂ ) နေရပ်လိပ်စာ သို့မဟုတ် ဆက်သွယ်ရန်လိပ်စာ --------------------------------
--------------------------------------------------------------------------------

၂။ အဖွဲ့အစည်းအနေဖြင့် လျှောက်ထားပါက ဖြည့်စွက်ရန်

(က) အဖွဲ့အစည်းအမည် --------------------------------
(နိုင်ငံပိုင်အဖွဲ့အစည်းဖြစ်ပါက ဝန်ကြီးဌာနအမည်ကိုဖော်ပြရန်)

( ခ ) အဖွဲ့အစည်းမှတ်ပုံတင်အမှတ်/ --------------------------------
အသင်းအဖွဲ့မှတ်ပုံတင်အမှတ် --------------------------------
(အဖွဲ့အစည်း/အသင်းအဖွဲ့၏ မှတ်ပုံတင်ဓာတ်ပုံမိတ္တူပူးတွဲတင်ပြရန်)

( ဂ ) မှတ်ပုံတင်ထားသည့် အဖွဲ့အစည်း၏ --------------------------------
တည်ရာလိပ်စာ --------------------------------

(ဃ) အရင်းအနှီးကို အစုရှယ်ယာဖြင့် မတည်ထားပါက၊ အစုရှယ်ယာ ၅% အထက် ပိုမိုပိုင်ဆိုင်သော သို့မဟုတ် အကျိုးအမြတ်နှင့်သက်ဆိုင်သော အစုရှယ်ယာများ၏ အချက်အလက်များ --------------------------------
(ပူးတွဲပေးရန်) --------------------------------

## အပိုင်း(၂)

၃။ ဓာတ်သတ္တုထုတ်လုပ်လိုသည့် ဧရိယာ၏ -

(က) တည်နေရာ(ကျေးရွာ/မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်း) ------------------------
--------------------------------------------------------------------------------

( ခ ) အကျယ်အဝန်း(စတုရန်းကီလိုမီတာ) ------------------------
(တည်နေရာအတွက် ၁လက်မ - ၁မိုင် စကေးမြေပုံ၊ အကျယ်အဝန်းအတွက် ၁: ၅၀၀၀၀ စကေး သို့မဟုတ် မိမိလျှောက်ထားသည့် အကျယ်အဝန်းကို ပေါ်လွင်ထင်ရှားစွာ ဖော်ပြနိုင်မည့်စကေးမြေပုံတို့ကို မြေကြီးမြေပုံ မှန်ကန်ရေး အတွက်သက်ဆိုင်ရာမြေစာရင်းဦးစီးဌာန၏အတည်ပြုချက်ဖြင့်ပူးတွဲတင်ပြရန်)

၄။ ထုတ်လုပ်လိုသည့် ဓာတ်သတ္တုအမျိုးအစား ------------------------
(နမူနာပူးတွဲတင်ပြရန်)

၅။ သတ္တုတွင်းထူထောင်မှုကာလ ------------------------
၆။ ထုတ်လုပ်လိုသည့် ကာလအပိုင်းအခြား ------------------------
၇။ ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန် ဖြစ်ပါက အောက်ပါတို့ ပါဝင်သော တူးဖော်မှုနှင့် ဆင့်တက်ပြုပြင်မှုလုပ်ငန်း အစီအစဉ် -

(က) စီးပွားဖြစ်ထုတ်လုပ်ရန် ခန့်မှန်းသည့်နေ့၊
(ခ) တစ်လ သို့မဟုတ် တစ်နှစ် ထုတ်လုပ်ရန် ခန့်မှန်းသည့် တန်ချိန်ပမာဏ၊
(ဂ) ထုတ်လုပ်လိုသည့် ဓာတ်သတ္တုထုတ်ကုန်များ၏ အမျိုးအစား၊
(ဃ) ထုတ်လုပ်လိုသည့် ဓတ်သတ္တုထုတ်ကုန်များ၏ ပြန်ရရှုန်း၊
(င) မတည်ရင်းနှီးမြှုပ်နှံမှုခန့်မှန်းချက်၊
(စ) ဓာတ်သတ္တုတူးဖော်မှုလုပ်ငန်းအတွက် လိုအပ်သော စက်ပစ္စည်းကိရိယာများ နှင့် ဝန်ဆောင်မှုလုပ်ငန်းများစာရင်း၊
(ဆ) ထုတ်လုပ်မှုကုန်ကျစရိတ်၊
(ဇ) ဓာတ်သတ္တုထုတ်ကုန်များအား ရောင်းချဖြန့်ဖြူးမှု အစီအစဉ်၊
(ဈ) ဝင်ငွေများနှင့် ငွေသား စီးဆင်းမှုဖော်ပြချက်၊
(ည) မျှော်မှန်းသည့်မတည်ငွေကြေးရနိုင်မည့်နည်းလမ်း၊အချိန်ကာလနှင့်အဖွဲ့အစည်း တို့၏ အသေးစိတ် အချက်အလက်များ၊

၈။ ဓာတ်သတ္တုအသေးစား ထုတ်လုပ်ရန်ဖြစ်ပါက ဓာတ်သတ္တုများအား ထိရောက်စွာနှင့် အကျိုးရှိစွာ တူးဖော်ထုတ်လုပ်မည့် လုပ်ငန်းအစီအစဉ်နှင့် ဖြန့်ဖြူးရောင်းချမှုအစီအစဉ် (တူးဖော်မည့်နည်းစနစ်၊ လူအင်အား/စက်အင်အား၊ တစ်နှစ်ထုတ်လုပ်မည့် တန်ချိန် ပမာဏ၊ ပြည်တွင်းဖြန့်ဖြူးရောင်းချမှုသက်သက် သို့မဟုတ် နိုင်ငံခြားသို့ တင်ပို့မည် စသည်ဖြင့် ပြည့်စုံစွာ ဖော်ပြရန်)

၉။ ဓာတ်သတ္တုအကြီးစား/အသေးစား ထုတ်လုပ်မှုကြောင့် ထိခိုက်ပျက်စီးမည့်မြေများအား ပြန်လည်ထူထောင်ခြင်း၊ မူလအခြေအနေသို့ အဆင့်ဆင့်ပြုပြင်ခြင်း၊ မြေပြင်ရေနှင့် မြေအောက်ရေများကို ပျက်စီးမှု လျော့နည်းစေရန်အတွက် ဆောင်ရွက်ပေးမည့် အစီအစဉ်များ (ပူးတွဲပေးရန်) ---------------- --------------------------------------

၁၀။ ဓာတ်သတ္တုအကြီးစား/ အသေးစားထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင်နှင့် သမိုင်းဝင် အထိမ်းအမှတ်များ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များအား ထိခိုက်နိုင်မှုများနှင့် ထိခိုက်မှုများ မဖြစ်စေရန် ထိန်းသိမ်းကာကွယ်ဆောင်ရွက်ပေးမည့် အစီအစဉ်များ (ပူးတွဲပေးရန်) -------------------------------------------------------

၁၁။ ဓာတ်သတ္တုအကြီးစား/အသေးစား ထုတ်လုပ်မှုကြောင့် ကြုံတွေ့နိုင်သည့် ကျန်းမာရေး အန္တရာယ် သို့မဟုတ် အခြားအန္တရာယ်များအား ကာကွယ်ရန်၊ လျော့ပါးရန်၊ ထိန်းချုပ် သို့မဟုတ် ဖယ်ရှားရန်အတွက် အစီအစဉ်များ(ပူးတွဲပေးရန်) -----------------------

၁၂။ ဓာတ်သတ္တုအကြီးစား/အသေးစား ထုတ်လုပ်ရန် မျှော်မှန်းသည့် အထောက်အကူပြုမှု နှင့်စပ်လျဉ်း၍ လိုအပ်သည့် အသေးစိတ်အချက်အလက်များနှင့် ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနက လျှောက်သူအတွက် စဉ်းစားပေးစေလိုသည့် အခြားကိစ္စရပ်များ (ပူးတွဲပေးရန်) -------------------------------------------------------

၁၃။ လျှောက်ထားသူသည် မြန်မာနိုင်ငံအတွင်း လွန်ခဲ့သော (၄)နှစ်အတွင်းက ကိုင်ဆောင်ထားသော ဓာတ်သတ္တုလုပ်ပိုင်ခွင့်တစ်ခုခု၏ အသေးစိတ်များ သို့မဟုတ် အခြားနိုင်ငံတစ်ခုတွင် လျှောက်ထားသူ သို့မဟုတ် အခြားသူတစ်ဦးဦးက လျှောက်ထားသူနှင့် ပူးပေါင်း၍ လုပ်ကိုင်နေသည့် အလားတူ ဓာတ်သတ္တုလုပ်ပိုင်ခွင့်၏ အသေးစိတ်အချက်အလက်များ ------------------------------------------------------

(နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် အကျုံးဝင်သူများသာ ဤအချက်ကို ပူးတွဲဖော်ပြပေးရန်)

၁၄။ မြန်မာနိုင်ငံသားများအား အလုပ်ခန့်ထားခြင်း၊ လေ့ကျင့် သင်ကြားပေးခြင်းနှင့် အလုပ်အကိုင်တိုးမြှင့်ပေးခြင်းတို့နှင့် သက်ဆိုင်သော အချက်အလက်များ ---------------------

(နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် အကျုံးဝင်သူများသာ ဤအချက်ကို ပူးတွဲဖော်ပြပေးရန်)

၁၅။ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက် -

အထက်ဖော်ပြပါအချက်အလက်များနှင့် ပူးတွဲပါအချက်အလက်များ အားလုံး မှန်ကန်ကြောင်းနှင့် ဥပဒေ၊နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့် ခွင့်ပြုမိန့်ပါစည်းကမ်းများကို လိုက်နာမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ် --------------------------------

အမည် --------------------------------

မှတ်ပုံတင်အမှတ် --------------------------------

သို့မဟုတ် နိုင်ငံကူးလက်မှတ် ----------------------------------

(အဖွဲ့အစည်းဖြစ်ပါက အဖွဲ့အစည်းကိုယ်စား လက်မှတ်ရေးထိုးခွင့်ရှိသူ ဖြစ်ရပါမည်)